## ရေနံမြေအရေးတော်ပုံ




အာဏ္ဍာဝကသခင်ဘိုးလှကြီး၊ **သပိတ်စစ်ပွဲ၊** ကျော်ဦးစာပေ၊ ဒုတိယအကြိမ်၊ ၁၉၈၆၊ စာ ၈၉–၁၀၅

လွန်ခဲ့သည့် ၄ လ လောက်ကတည်းက အစပြု၍ ဖြစ်ပွားခဲ့သော ရေနံမြေသပိတ် အရေးတော်ပုံကား၊ ဓနရှင်နှင့် အလုပ်သမားတို့ တစ်ပွဲတစ်လမ်း ခွန်အားစမ်းကြသော အရေးတော်ပုံ ဖြစ်ကြောင်း လူတိုင်းသိရှိရပေပြီ။

ထိုရေနံမြေသပိတ် အရေးတော်ပုံကြီးသည်၊ ယခုထက်တိုင် မပြီးမပြတ်သေးဘဲ၊ နိုင်ငံနှင့်အဝှမ်း ဆူညံ့မစဲ တသဲသဲ ရှိတော့၏။

ထို့ကြောင့် မြန်မာပြည်တွင် မှီတင်းနေထိုင်ကြကုန်သော အလုပ်သမား တောင်သူလယ်လုပ်၊ ဆင်းရဲသား လူအောက်တန်းစားတို့သည်

ဤသပိတ်အရေးတော်ပုံကြီး ဖြစ်ပွားရာ အကြောင်းရင်းကို စေ့စပ်သေချာစွာ သိရှိနားလည်ဖို့ရာ အရေးကြီးလှပေသည်။ ရေနံကုမ္ပဏီပိုင်ရှင်တို့သည်၊ အမျိုးမျိုးသော စနစ်တို့ကို စီမံဖန်တီး၍ မည်သို့မည်ပုံ အလုပ်သမား ဆင်းရဲသားတို့အား ညှင်းပန်းဖိနှိပ်ထားပုံ၊ နှိမ်နင်းထားပုံတို့ကို ဦးစွာပထမရေးသားဖော်ပြရပေလိမ့်မည်။

## လုပ်သူကမရမလုပ်သူသာရသောစနစ်

ရေနံကုမ္ပဏီပိုင် ခရှင်တို့သည် မြန်မာပြည်မှ နှစ်စဉ်အိပ်ဝင်အမြတ်အစွန်းအဖြစ် ငွေပေါင်း ၆-ကုဋေမှ ၁၀ ကုဋေအထိ ရရှိယူငင်းကြ၏။ အလုပ်သမားတို့အား လစာငွေအဖြစ်ဖြင့် တစ်နှစ်လုံးအတွက်မှ ငွေပေါင်း ၇ သန်းမှ ၁၀ သန်း အထိ လောက်သာရကြ၏။ မိမိတို့၏ ခွန်အားသက်သက်ဖြင့် ပင်ပန်းတကြီး ရင်းနှီးလုပ်ကိုင်မှသာ ထွက်ရှိဖြစ်ထွန်းအပ်သော ပစ္စည်းသစ်၊ စည်းစိမ်ဥစ္စာသစ်များ အနက် ၁၀ ပုံတစ်ပုံမျှ လောက်ကိုသာ အလုပ်သမားတို့ ရယူပိုင်ဆိုင်ခွင့် ရှိကြကုန်၏။

လုပ်သူမရမလုပ်သူကိုသာရစေသော ဇောက်ထိုးမိုးမြော်စနစ်ကြီးသည် တည်တန့်နေခြင်းအားဖြင့် အဘက်ဘက်တွင် ဆူပွက်နေပေ၏။

## ဘီ-အို-စီ၏ ကုန်ဆိုင်ကြီး

ခရှင်တို့သည် မိမိတို့က အလုပ်သမား ဆင်းရဲသားတို့အား လစဉ်လစဉ် လစာအဖြစ်ဖြင့် ထုတ်ပေးနေသည့် အခကြေးငွေများကိုလည်း မလိုရမက် လောဘမီးတိုက်ခါ ကောက်ကျစ်စဉ်းလဲသော စနစ်ဆိုးအမျိုးမျိုးတို့ အသုံးပြုခါ ပြည်လည်လှည့်

ပတ်၍ နိုင်လိုမင်းထက် လုယက်ယူငင် ကြကုန်သေး၏။

အလုပ်သမားတို့သည် ပျမ်းမျှအားဖြင့် တစ်နေ့လျှင် တစ်ကျပ်ကျစီ လုပ်ခအဖြစ်ဖြင့် ရရှိကြကုန်၏။ ထို ၁-ကျပ်အနက် ၂၅ ရာခိုင်နှုန်း တစ်မတ်ကို ဆန်ဂိုဒေါင်ခေါ်သည့် အလွန်အကျုံး အမြတ်တင်ခါ၊ ကုမ္ပဏီက ဖွင့်လှစ်ထားသော ကုန်စုံဆိုင်သို့ ပြန်လည်ပေးအပ်ကြရကုန်၏။ ၂ ရာခိုင်နှုန်းမျှကို အစိုးရအား သဿမေဒအခွန်အဖြစ်ဖြင့် ပေးရ၏။ ကုမ္ပဏီက ထုတ်ရောင်းသည့် ခါတ်ဆီတစ်ဂါလံကို ၁၀ ပဲ၊ ရေနံဆီတစ်ဂါလံကို ၅ ပဲ ကျ ပေးရသော သွယ်ဝိုက်ခွန်ကိုလည်း အလုပ်သမားတို့ ဆင်းရဲသား တို့သာ ထမ်းဆောင်ကြရ၏။

## ရောက်သမျှလေးဒဏ်အလုပ်သမားခံ

အိမ်မှုရေးရာအတွက်နှင့် မမာမကျန်း ဖြစ်သည့်အတွက် ခံရယူသော ခွင့်ရက်များနှင့် တနင်္ဂနွေနေ့များတွင် အလုပ်သမား တို့ လုပ်ခမရရှိကြချေ။ တစ်နေ့တာအတွက် အလုပ်ချိန်ကုန်သဖြင့် အိမ်ပြန်ရန် အချိန်ကျရောက်သော်လည်း ကုမ္ပဏီ၏အလုပ် အရေးကြီးသည်ဆိုကာ နာရီပိုအတွက် လုပ်ခမရဘဲ အချောင် ခိုင်းသည့်စနစ်ဖြင့် ခနရှင်လက်ပါးစေမျက်နှာဖြူတို့က အာဏာ ကုန်ပြခါ အလုပ်သမားထံမှ ကုမ္ပဏီအတွက် မိုက်ကြေးလည်း ခွဲသေး၏။ တစ်ခါတစ်ရံ အကြောင်းမညီညွတ်သဖြင့် အလုပ် သမားတို့ အလုပ်ခွင်အတက်နောက်ကျလျှင် စက္ကန့် ၂၀ အတွက် ၂ ပဲမှ ၁ ကျပ်အထိ ဒဏ်တပ်ခြင်း နာရီဝက်ကျော်လွန်၍ နောက်ကျလျှင် အလုပ်မှထုတ်ပစ်ခြင်း၊ ရက်သတ္တ၊ တစ်ပတ်၊ နှစ်ပတ်၊ ၃ ပတ်၊ တစ်လစသည့်တိုင်အောင် လုပ်ခမရှိ အလုပ် ပိတ်ထားခြင်း၊ စသည့်နည်းအမျိုးမျိုးတို့ဖြင့် အလုပ်သမားတို့အား

ပေးအပ်ပြီးသား လစာမှပင် ဒဏ်ငွေအဖြစ်ဖြင့် ဓနရှင်တို့က အတင်းအကြပ်ပြု၍ ပြန်လည်သိမ်းပိုက်ယူငင်ကြ၏။

အလုပ်ခွင် အသုံးပြုသည့် ဟောင်းနွမ်းသဖြင့် မခိုင်သော စူးဆောက်တံဆာပလာတို့ ကျိုးပဲ့ပျက်စီးပြန်လျှင်လည်း တန်ဖိုးထက် ၄ ဆ ၅ ဆမျှကို အလုပ်သမားတို့ ဒဏ်တပ်ခံရပြန်၏။ ထိုသို့ဒဏ်မျိုးမှ လွှင်ကင်းရလေအောင် အလုပ်သမားတို့သည် ကျိုးပဲ့သော စူးဆောက်တန်ဆာပလာတို့ကို မိမိတို့စရိတ်ဖြင့် တိတ်တဆိတ် ဝယ်ယူထည့်သွင်းကြရလေ၏။ ဤစနစ်အား သွယ်ဝိုက်သောနည်းဖြင့် အလုပ်ခွင်တွင် ကျိုးပဲ့ပျက်စီးသော ကရိယာ တန်ဆာပလာတို့ကို အလုပ်သမားတို့အား ဝယ်အထည့်ခိုင်းသော စနစ်တည်း။

ကုမ္ပဏီက စိတ်နှင့်မခတ်မိတိုင်း အပြစ်ရှာကြံ၍ အလုပ်သမားတို့အား လုပ်ခမရရှိဘဲ ခဏခဏ အလုပ်ပိတ်ပစ်၏။ အလုပ်ပိတ်ခံရသော အလုပ်သမားကို ပေးရမည့်လုပ်ခကို ကုမ္ပဏီက မိမိအိပ်တွင်းသို့ ပြည်ထည့်လိုက်၏။ ၎င်းလုပ်ရမည့် အလုပ်တာဝန်ကိုသာ ၎င်းနှင့် အလုပ်ဌာနတစ်ဌာနတည်း လုပ်ကိုင်နေကြသော အခြားအလုပ်သမားများမှ၍ ဝိုင်းလုပ်ကြရ၏။ ဤစနစ်ကား ကုမ္ပဏီအတွက် စရိတ်ကျဉ်း၍ အလုပ်သမားတို့ကို အလုပ်ပို၍ အဆင်းအကြပ် စေခိုင်းသော စနစ်တည်း။

ပင်စင်ရခွင့်ရထိုက်ရှိရန် လုပ်သက်စေ့ ရောက်ခါနီးတွင် ကုမ္ပဏီက ကလိန်ဉာဏ်ထွင်၍ဆရာဝန်၏ အကူအညီဖြင့် မကျန်းမာတော့ပြီဟူ၍လည်းကောင်း၊ အိုမင်းမရှိပြီဟူ၍လည်းကောင်း၊ ရမယ်ရှာ၍ အကြောင်းပြပြီးလျှင် အလုပ်မှ ထုတ်ပစ်ခြင်းခံရသော အလုပ်သမားများ မရေမတွက်နိုင်လောက်အောင် များပြားလှ၏။ လုပ်သက်ရှည်သည့် လခကြီးစား အလုပ်သမား

ဟောင်းကြီးများကို လခလျှော့ပစ်ခြင်း၊ ၎င်းတို့ကို အပစ်ရှာ၍ အလုပ်မှထုတ်ပစ်ပြီးလျှင် လူသစ်များကို လခအနည်းငယ်သာ ပေး၍ ၎င်းတို့နေရာများတွင် ခန့်ထားခြင်း၊ လခနှင့် ရာထူးများ တွင် ခန့်ထားခြင်း၊ လခနှင့်ရာထူးများကို လျှော့ပစ်ခြင်း၊ စသည့် ညှင်းနည်းအမျိုးမျိုးတို့ဖြင့် အလုပ်သမားတို့ကို လခကြီးစားခနေရှင် လက်ပါးစေတို့က အနိုင်ကျင့်ကြကုန်၏။

တွင်းတူးဆရာ၊ဒုတ်တံချွန်ဆရာ၊ လက်သမား ဆရာတို့သည် လုပ်သက်ရှည်လျှင်၊ ရှည်သည့်အလိုက် ကူလီအလုပ် ဆီထည့်သည့် အလုပ်၊ ဒလဝမ်အလုပ်စသည်ဖြင့် အစဉ်တစိုက် တစ်ဆင့်မှ တစ်ဆင့်သို့ ရာထူးလျှော့ချခြင်းကို ခံကြရကုန်၏။ အလုပ်ခွင်တွင် ဖြစ်ပွားသည့် ရှောင်တခင်မှုများကြောင့် အလုပ်သမားတို့သည်၊ ကိုယ်လက်အင်္ဂါချို့ယွင်းခါ မိမွေးဘမွေးတိုင်း ဘဝကို ပြန်လည် မရရှိဘဲ လူချင်းမတူ သူချင်းမမျှ ဖြစ်နေကြရရှာသော အလုပ် သမားတို့သို့ ခနရှင်တို့က ရေနစ်ရာဝါးကူ၍နှစ်သည့်နှယ် လျော်ကြေးမပေးဘဲ ထားကြသေး၏။

## ခနရှင်တို့၏ ရောမစေတနာ

ခနရှင်တို့ အလွန်အကျုံး ကြောက်လန့်သော အရာ တစ်ခုကား အလုပ်သမားတို့ကို ပေးမည့်လျော်ကြေးပင်တည်း။ အလုပ်သမားတို့ အလုပ်ခွင်၌ အနာတရဖြစ်လျှင် လျော်ကြေး ပေးရမည်စိုးသဖြင့် ထိခိုက်နာကျင်မှုမှ ပျောက်ကင်းချမ်းသာ လေအောင် အထူးဝါယမ စိုက်ထုတ်၍ ကုသသည်ကား မလွဲတည်း၊ သို့သော်လည်း ဆရာဝန်လက်လွှဲရသော အလုပ်သမားတို့ ကိုကား လျော်ကြေး မပေးရလေအောင် အလုပ်သမားတို့၏ အပေါ်တွင်သာ ဆင်ခြေပေးအပြစ်ဖို့သေး၏။ ကုမ္ပဏီကြီးများ

ရှိသည့် ရပ်ကွက်၊ မြို့နယ်များတွင် ကုမ္ပဏီဆေးရုံများသည် အစိုးရဆေးရုံများထက် သာလွန်ကောင်းမွန်ကြောင်းကို ထောက်ရှုခြင်းအားဖြင့် ဓနရှင်တို့၏ စေတနာရင်းကို သိရှိနိုင်ကြပေလိမ့်မည်။

## အလုပ်သမားကိုသက်တန်းတိုစေသောဓနရှင်စနစ်

ခါတိုင်းခါတိုင်း ၄-၅ ယောက်မျှသော အလုပ်သမားတို့ လုပ်ကိုင်သည့် အလုပ်ခွင်နေရာများတွင် လူလျှော့ပစ်၍ အလုပ်သမားတစ်ယောက်ထဲကိုသာ လုပ်ခိုင်းခြင်းသည် မည်မျှ အလုပ်သမားတို့ကို သက်တန်းတိုစေကြောင်းကို လူတိုင်းတွေးတောသိရှိနိုင်ကြပေလိမ့်မည်။

## ပြယုဂ်ကား

တစ်နေ့လျှင် မိုင်၊ ၅၀ ကျသွားသော မော်တော်ကားသည် ၁၀ နှစ် ခံပါက ၎င်းတို့ကို တစ်နေ့လျှင် မိုင်ပေါင်း ၁၀၀ စသည်ဖြင့် ခရီးပို၍ သွားစေသဖြင့် ၎င်းမော်တော်ကား မည်သည့်နည်းနှင့်မျှ ၁၀ နှစ် ခံတော့မည်မဟုတ်၊ ဓနရှင်တို့ကို အမြတ်အစွန်းရသည်ထက်ရစေခြင်းငှာ အလုပ်သမားဆင်းရဲသားတို့သည် သက်တန်းမစေ့ခင် အသေခံရကုန်၏။

စစ်ဖြစ်ပွားချိန်တွင်သာမဟုတ်သေး၊ တိုင်းပြည်ငြိမ်သာအေးချမ်းစဉ်တွင်လည်း နိုင်ငံခဲ့စနစ် နတ်ဆိုးများသည် များစွာသော အလုပ်သမားဆင်းရဲသားတို့ကို ဖမ်းစားပေသေး၏။

## ခေတ်သစ်ကာကဝိလ္လိယများ

နှစ်စဉ်နှစ်စဉ် အမြတ်အစွန်းအဖြစ် ငွေသန်းပေါင်းများ

စွာကို အလုပ်သမားတို့၏ ကာယ၊ ဉာဏ၊ လုံ့လဝီရိယ သက်သက်ဖြင့် ဓနရှင်တို့ ရရှိတတ်ကြသော်လည်း အလုပ်သမားတို့၏ အပေါ်တွင်ကား ဖုတ်လေသည့်ငါးပိ ရှိလေတယ်မှ မမှတ်သော စိတ်ထားမျိုး ဓနရှင်တို့ ထားရှိခြင်းကို အလုပ်သမားတို့အတွက် ဆောက်လုပ်ထားသော နေအိမ်တန်းလျားများ၏ အခြေအနေကို ကြည့်ရှုခြင်းအားဖြင့် သိနိုင်ပေလိမ့်မည်။

အလုပ်သမားတို့၏ ကျန်းမာရေးကို လုံးလုံးဂရုမပြုဘဲ၊ နေအိမ်တန်းလျားတို့ကို ဆောက်လုပ်ပေးထား၏။ အလုပ်သမား တစ်အိမ်ထောင်လုံး အိပ်ရဖို့အတွက် ၁၀ ပတ်လည် အခန်းတစ်ခန်း အလုပ်သမားတို့က ဧည့်ခန်း၊ ထမင်းစားခန်း၊ နေထိုင်ခန်း၊ အိမ်ထောင် ပရိဘောဂထားရန်အဖြစ် တစ်ခန်းကိုလည်း အမျိုးမျိုးနှင့် အသုံး ပြုရသည့် တံခါးမရှိ ဟာလာဟင်းလင်းဖြစ်သော ၁၀ ပေ ၆ ပေ တစ်ခန်း၊ အလုပ်သမား တစ်အိမ်ထောင်လုံး နေထိုင်ရန်အတွက် အတွက်ကျ အကျယ်အဝန်း စုစုပေါင်း စတုရန်းပေပေါင်း ၆၀ မျှသာ ဖြစ်တော့သည်။ ဥရောပတိုက်သား တစ်ဦးတည်း နေထိုင်ရန်အတွက် ဆောက်လုပ်ထားသော ၂ ထပ်အိမ်များ မှာမူကား စတုရန်းပေပေါင်း ၁၈၀၀ မျှ ကျယ်ဝန်း၏။ ဤသို့နှင့် မောင်နှင့်နှမ သားနှင့်အမိ မနေအပ်ဘဲ ကျပ်တည်းကျဉ်းမြောင်း လှသည့် နေအိမ်တန်းလျားများတွင် နေထိုင်ခြင်းအားဖြင့် အလုပ် သမားတို့၏ ကျန်းမာရေးနှင့် အကျင့် စာရိတ္တကို မည်မျှ ထိခိုက် နစ်နာစေကြောင်း သိရှိနိုင်ပေလိမ့်မည်။

တစ်အိမ်လုံးတွင် ပြူတင်းပေါက် တစ်ပေါက်သာလျှင် တပ်ရှိထားခြင်းကြောင့် လေကောင်းလေသန့် မှန်မှန် မရရှိသည့် အပြင်၊ ရောဂါဆိုး အမျိုးမျိုးကိုလည်း လွယ်ကူစွာပြန့်နှံ့စေနိုင်ခြင်း၊ ကြမ်းပြင်မှ တံဇက်မိတ်ခေါင်းမိုးအထိ ၁၀ ပေသာကွာ ဝေးသဖြင့်

နေ၏အပူရှိန်ကို လွယ်ကူစွာကူးသွယ်ယူတတ်သော သတ္တုရှိသည့် သွပ်မိုးကြောင့် ပြုတ်ထားသည့်အလား ပူပြင်းလာသည့် အခန်းကျဉ်းကလေးများအတွင်းတွင် အလုပ်သမား မိသားစုတို့သည်၊ ညှပ်ပူးညှပ်ပိတ် နေထိုင်ကြရသဖြင့် ကျန်းမာရေးအရ နေပူထဲတွင် နေရသည့်ထက် ဆိုးဝါးခြင်း၊ စသည်တို့သည် အလုပ်သမားတို့၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု အလုပ်သမားတို့၏ ကျန်းမာရေးများကို အလွန်အကျူး ထိခိုက်စေ၏။

တစ်နည်းအားဖြင့် ဆိုရမည်မှာ အလုပ်သမားတို့၏ နေရေး၊ ထိုင်ရေး၊ အခြေအနေသည် ဦးပုညရေး၊ ကာကဝလ္လိယဇာတ်တွင် ပါရှိသော၊ "အကာဆူးခက်၊ အင်ဖက်အမိုး၊ ကြူရိုးတိုင်ထူ နေပူကြဲကြဲ ဝက်သိုက်ထဲ၌၊ အုဋ္ဌခဲခေါင်းအုံး၊ အိုးတစ်လုံးဖျာမရှိ၊ ဘူမိကမ္ဗလာ၊ မြေမွေ့ရာဝယ် ချူချာတော်မူလှသော ကာကဝလ္လိယ မွဲပြာမောင်နှံတို့ ပျော်ကြသည့်ခမ်းဝါ" ဆိုသည့် စာပုဒ်တွင်ပါသော နေရေးထိုင်ရေး အခြေအနေထက် ဆိုးဝါးကြောင်း ရေနံမြေ၏၊ ခြောက်သွေ့ပူပြင်းလှသော ရာသီဥတုက သက်သေခံပေလိမ့်မည်။

## အဆိပ်ဓာတ်ငွေ့များ

ရေနံမြေရပ်ကွက်များတွင် အလုပ်လုပ်ကိုင်ကြရသော၊ အလုပ်သမားတို့သည် အလုပ်ခွင်၌ အလုပ်လုပ်စဉ်က ကန့်ဓာတ်၊ ရေနံဓာတ် များပါဝင်သော အဆိပ်ဓာတ်ခိုး၊ ဓာတ်ငွေ့များကို နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရခြင်းကြောင့် မကျန်းမမာဖြစ်ခြင်းမှ ပပျောက်စေရန် လုပ်ခမပျက် အခွင့်လုံလောက်စွာမရရှိသဖြင့် အလုပ်သမားတို့၏ ကျန်းမာမှုသည် တစ်နေ့ထက်တစ်နေ့ မတွေးတောဝံ့ သလောက်အောင်ပင် သာ၍သာ၍ ဆိုးဝါးနေတော့၏။

ဥရောပတိုက်သား မျက်နှာဖြူတို့ကား အလုပ်ခွင်၌လည်းကောင်း၊ နေရေးထိုင်ရေး အခြေအနေရသော်လည်း၊ ကုမ္ပဏီက ပေးထားသော နေအိမ်များနှင့် အခြေအနေအရသော်လည်းကောင်း အထက်ပါကျန်းမာရေးကို ထိခိုက်စေသည့် လေဆိုးလေညစ်များကို အလုပ်သမားများကဲ့သို့ မရှူမရှိုက်ရရုံမျှမကဘဲ ဆရာဝန်တို့က ၄င်းတို့ကို ပိုးမွှားမွေးသလို မျက်ခြေမပြတ် ဂရုတစိုက် စောင့်ရှောက်ကြပ်မပ် ကုသခြင်းဖြင့် ၄င်းတို့၏ ကျန်းမာရေးကို လုံးလုံးမထိခိုက်ဟု ဆိုရပေလိမ့်မည်။

၄င်းပြင် ဥရောပတိုက်သားတို့ ၃ နှစ်တစ်ကြိမ်၊ ၆ လ လခအပြည့်၊ ပထမတန်းဖြင့် ခရီးစရိတ်လည်း တစ်ပါတည်း ကုမ္ပဏီက ကေးကမ်းထောက်ပံ့ပေးသေး၏။

အလုပ်သမားတို့ကိုမူကား ညာကပေး၊ ဘယ်ကပြန်ယူသည့်နည်းဖြင့် ဘာသာရေးနှင့်သက်ဆိုင်သည့် ခွင့်ရက်များကိုပင်လည်း ပြန်လည်ဖြတ်နှုတ်ခဲ့သည်မှ စနက်မီးစကား သပိတ်အရေးတော်ပုံ မီးကောက်မီးလျှံကြီးများ ဖြစ်ပွားခဲ့ကြောင်းလည်း လူတိုင်းအသိဖြစ်၏။

## ဆိုးဝါးသည့်စနစ်

ဓနရှင်တို့ အမြတ်အစွန်းရမှုအတွက် အလုပ်သမားဆင်းရဲသားတို့ ကျိုးရကန်းရ အင်္ဂါချွတ်ယွင်းခြင်းခံကြရ၏။ လူချင်းမတူ၊ သူချင်းမမျှ မိမွေးတိုင်းဘမွေးတိုင်း ဘဝကိုပင် စွန့်လွှတ်ကြရကုန်၏။ ရောဂါဆိုးအမျိုးမျိုးတို့ကို ဖိစီးနှိပ်စက်မှုကြောင့် လူစဉ်မမှီကြရ။ ဖွတ်ကျော်ပြာစု၊ ခရုဆံကျွတ်၊ ခါးဝတ်လွှာချင်း၊ ထမင်းရက်ချန်၊ ရေရက်မှန်နှင့် နေကြရ၏။ သက်တမ်းမျှမစေ့ခင်လည်း အသေခံပေးကြရ၏။ ပညာသင်

ကြားရေးဘက်က ကြည့်ပြန်လျှင်လည်း အသေခံပေးကြရ၏။ ပညာသင်ကြားရေးဘက်က ကြည့်ပြန်လျှင်လည်း ရှင်ဘုရင်ကြီးမာပါစေ၊ စုံထောက်ကြီး တန်ခိုးကြီးပါစေ၊ အသက်ရှည်ပါစေ ဆိုသည့် ကျွန်ဘဝကို အရှည်သဖြင့် တည်တန့်စေမည့် ပညာကိုသာ သင်ကြားကြရကုန် ၏။

ဤမျှလောက် ယုတ်မာညစ်ညမ်း ဟောသရမ်းလှသော အဓမ္မစနစ်ဆိုး စနစ်ညစ်ကြီး၏ ဖိနှိပ်ကြိတ်နယ်ခြင်းကို မခံမရပ်နိုင်လွန်းသဖြင့် အလုပ်သမားတို့သည် မလွဲမရှောင်သာတော့ဘဲ သပိတ်လက်နက်ကို စွဲကိုင်ကာ ဓနရှင်တို့ကို တိုက်ခိုက် ခုခံခဲ့ကြရ၏။ ရေနံမြေသပိတ် အရေးတော်ပုံကြီးသည် လူ့အခွင့်အရေးကို ဓနရှင်တို့က ဖီဆန်ဖောက်ပြားကျူးလွန်စော်ကားမှုကြောင့် ဖြစ်ပွားရကြောင်း ထင်ရှားလှပေပြီ။ ထို့ကြောင့် ဤအရေးတော်ပုံကြောင့် ဖြစ်ထွန်းအပ်သော ကြွ-အနိဋ္ဌ- အကျိုးတရားသည် ရေနံမြေကုမ္ပဏီပိုင်ဓနရှင်တို့၏ တာဝန်သက်သက်မျှ ဖြစ်သဖြင့် ထိုတာဝန်သည် ဓနရှင်တို့အပေါ်၌သာ လုံးဝတည်စေရမည်။

## သပိတ်ကိစ္စကြောင့် ဖြစ်ပွားသည့် စီးပွားရေးနစ်နာချက်များ

ရေနံကုမ္ပဏီများက အမြတ်အစွန်းအဖြစ် ရရှိအပ်သော ငွေကောက်ခံရရှိသော အခွန်အထုပ်စသည့် ပစ္စည်းသစ်များကို စုပေါင်းလိုက်ပါက ပျှမ်းမျှခြင်းအားဖြင့် တစ်နေ့လျှင် ငွေပေါင်း တစ်သိန်းခွဲမှ နှစ်သိန်းနီးပါးခန့်ဖြစ်၏။ ဤမျှလောက် များပြားသော စည်းစိမ်ဥစ္စာတို့သည် သပိတ်အရေးတော်ပုံ အစပြုရာ လွန်ခဲ့သည့် (၄)လခန့်ကတည်းကပင် ဆုတ်ယုတ်ပျက်ပြားခဲ့ပေသည်။

ဓနရှင်တို့၏ ပယောဂကြောင့် ဖြစ်ပွားခဲ့ရသော ဤ သပိတ်အရေးတော်ပုံကြီးသည် မြန်မာပြည်ရှိ ဆင်းရဲသား ခေါင်းရွက် ထမ်းပိုးထမ်းဈေးသည်များတို့၏ စီးပွားရေးကို မည်မျှ ထိခိုက်နစ်နာစေကြောင်းကို တွေးကြည့်ခြင်းအားဖြင့် သိရှိနိုင်ပေ လိမ့်မည်။ လှေသူကြီး လှေမှောက်က အရေးမကြီးလှချေ။ လှေထိုးသား စောင်ပါသွားခြင်းကား အရေးကြီးလှ၏။

ဓနရှင်နယ်ချဲ့စနစ် တည်တန့်နေသမျှ ကာလပတ်လုံး မရှိတောင့်တ ရှိကြောင့်ကျ ဖြစ်ရမည်ကား မလွဲတည်း။ အလုပ်သမား ဆင်းရဲသားတို့ လွတ်လပ်မှသာလျှင် လူတိုင်းလည်း လွတ်လပ် နိုင်ပေလိမ့်မည်။ နိုင်ငံချဲ့စနစ်ကို အရင်းအမြစ်မှနေ၍ သုတ်သင် နေသော ရေနံမြေ အလုပ်သမားတို့ကို လွတ်လပ်ရေး လိုလား နှစ်ခြိုက်သူတိုင်း စစ်ကူပေးရမည်ကား မလွဲသော မဟာဝတ္တရား တော်ကြီး ဖြစ်တော့သတည်း။

အာဠာဝကသခင်ဘိုးလှကြီး၊ **သပိတ်စစ်ပွဲ၊** ကျော်ဦးစာပေ၊ ဒုတိယအကြိမ်၊ ၁၉၈၆၊ စာ ၈၉-၁၀၅